ရက်စွဲ။    ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ( ၂၈ ) ရက်

## အစုရှယ်ယာရှင်များသို့ အသိပေးအကြောင်းကြားခြင်း

၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ အထူးကျင်းပသည့်အထွေထွေအစည်းအဝေး နှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွက် (၃၀) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီးကို (၂၆.၁၁.၂၀၂၂) ရက်နေ့တွင် Zoom Online Webinar ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

**အထူးကျင်းပသည့်အထွေထွေအစည်းအဝေးအရ အောက်ပါအချက်ကို အတည်ပြုခဲ့ပါသည်-**

(က) မြန်မာနိုင်ငံသားများဘဏ်၏ အသစ်ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား အစုရှယ်ယာရှင်များမှ အတည်ပြုခဲ့ပါသည်။

**(၃၀) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီးတွင် အောက်ပါအချက်များအား အတည်ပြုခဲ့ပါသည်-**

(က) ဒါရိုက်တာများအဖွဲ့ အစီရင်ခံစာနှင့် နှစ်ချုပ်စာရင်းများ အတည်ပြုခြင်း။

( ခ ) မြန်မာနိုင်ငံသားများဘဏ်၏ ပြင်ပစာရင်းစစ်အဖွဲ့ဖြစ်သော V-Advisory စာရင်းစစ်အဖွဲ့ စာရင်းစစ်များမှ စာရင်းစစ်အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်းကို အတည်ပြုခြင်း။

( ဂ ) ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြင်ပစာရင်းစစ်အသစ် ခန့်အပ်ခြင်း၊

(၁) “V-Advisory စာရင်းစစ်အဖွဲ့”

(ဃ) ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့ဝင်များ နုတ်ထွက်ခြင်းနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့အသစ် ရွေးချယ်ရာတွင် ဘဏ်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ သတ်မှတ်ထားသော ဒါရိုက်တာ (၁၂) ဦးအနက် အဆိုပြုသူ (၁၀) ဦးဖြစ်ပါ၍ အဆိုပါ (၁၀) ဦးနှင့် သီးခြားလွတ်လပ်သော ဒါရိုက်တာ (၁) ဦး တင်မြှောက်ခြင်းကို အတည်ပြုခြင်း။

**ဒါရိုက်တာ (၁၀) ဦး**

(က) ဦးမင်းမင်း

( ခ ) ဦးတိုးအောင်မြင့်

( ဂ ) ဦးစိုးနိုင် (ခ) ဦးကိုကိုကြီး

(ဃ) ဦးလှဦး

( င ) ဦးထွန်းလွင်

( စ ) ဦးအုန်းဆိုင်

(ဆ) ဦးဇေယျာသူရမွန်

( ဇ ) ဒေါ်ခင်မာမြင့်

(ဈ) ဦးအောင်အောင်

(ည) ဦးအောင်စိုး

**သီးခြားလွတ်လပ်သော ဒါရိုက်တာ (၁) ဦး**

(က) ဦးငွေးချွန်

၂။ နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီးတွင် တင်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံဗဟိုဘဏ်၏ အမြတ်ဝေစုခွဲဝေခြင်း ညွှန်ကြားချက်အမှတ် (၅/၂၀၁၇)၊ အပိုဒ် ၂ (ခ) ပါ "ရလမ်းမရှိသောနှင့် ရရန်မသေချာသော အသားတင်ချေးငွေ (Net Non-Performing Loan) နှင့် စုစုပေါင်း ချေးငွေ (Total Loan) အချိုးသည် ၅% အောက်ရှိခြင်း" ဟူသည့်ဖော်ပြချက်နှင့် မကိုက်ညီဘဲ မြန်မာနိုင်ငံသားများဘဏ်၏ "ရလမ်းမရှိသောနှင့် ရရန်မသေချာသော အသားတင်ချေးငွေ (Net Non-Performing Loan) နှင့် စုစုပေါင်း ချေးငွေ (Total Loan) အချိုးမှာ ၅% အထက်ကျော်လွန် နေသည့်အတွက် (၃၀) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် အမြတ်ဝေစုခွဲဝေရန် မရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့